**ဖက်စပ်ကုမ္ပဏီသစ်တည်ထောင်ခြင်း**

ရခိုင်ပြည်နယ် မာန်အောင်ကျွန်း၌ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် အတွက် ဖက်စပ်ကုမ္ပဏီတစ်ခု ("ဖက်စပ်ကုမ္ပဏီ") တည်ထောင်ရန် FMI ကုမ္ပဏီသည် Manaung Public Company Limited ("MPC") နှင့် ဖက်စပ်သဘောတူစာချုပ်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီ လီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့မှ ထုတ်ပြန်ကြေညာပါသည်။

မာန်အောင်ကျွန်းဖွံ့ဖြိုးတိုးတက်ရေးအား ဦးဆောင်ဦးရွက်ပြုနိုင်ရန် MPC ကို ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အဓိကအားဖြင့် မာန်အောင်ကျွန်းဒေသခံပြည်သူများက ပိုင်ဆိုင်ပါသည်။ မာန်အောင်ကျွန်းသည် ကျောက်ဖြူမြို့၏ တောင်ဘက်တွင်တည်ရှိပြီး လူဦးရေ (၅၀,၀၀၀) ကျော်ရှိပါသည်။ ကျွန်း၏အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ (၅၃၀) ခန့် ရှိပါသည်။

အထက်ပါဖက်စပ်သဘောတူစာချုပ်အရ MPC နှင့် FMI ကုမ္ပဏီတို့သည် အဆိုပါကျွန်း ဖွံ့ဖြိုးတိုးတက်မှုအလားအလာအား ဖြစ်နိုင်ခြေလေ့လာမှုများကို စတင်ဆောင်ရွက်သွားပါမည်။ အဆိုပါလေ့လာမှုများ၏ ရလဒ်သည် ကုမ္ပဏီနှစ်ခုစလုံးအတွက် ကျေနပ်ဖွယ်ရာရှိပါက သဘောတူစာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာလျက် ရေအရင်းအမြစ် ရယူခြင်းနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း စသည်တို့ ပါဝင်သော ဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် အဆိုပါဖက်စပ်ကုမ္ပဏီကို ပူးပေါင်းဖွဲ့စည်းသွားပါမည်။

FMI ကုမ္ပဏီသည် ကနဦးအနေဖြင့် အဆိုပါဖက်စပ်ကုမ္ပဏီ၏ရှယ်ယာ ၈၅% ကို ထည့်ဝင်ရန်နှင့် ကျန်ရှိသော ရှယ်ယာ ၁၅% ကို MPC ကုမ္ပဏီ က ထည့်ဝင်ရန် ရည်မှန်းထားပါသည်။ MPC သည် ဖက်စပ်ကုမ္ပဏီတွင် ရှယ်ယာ ၃၄% ထိ ထပ်မံထည့်ဝင်ခွင့်ရှိပြီး ၎င်း၏ရှယ်ယာကို ၄၉% ထိ တိုးမြှင့်နိုင်ပါသည်။

အဆိုပါ ဖက်စပ်ကုမ္ပဏီတည်ထောင်မှုနှင့်ပတ်သက်၍ အစုရှယ်ယာရှင်များသို့ ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပြီး ဖြစ်နိုင်ခြေလေ့လာမှုနှင့်ပတ်သက်သည့် တိုးတက်မှုအခြေအနေကို အချိန်နှင့်တပြေးညီ အသိပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm